ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# ငွေရေးကြေးရေးတည်ငြိမ်မှုအခြေအနေအစီရင်ခံစာ

(၂၀၁၅-၂၀၁၆ )

၂၀၁၇ခုနှစ် ၊ ဇူလိုင်လ

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်
# ငွေရေးကြေးရေးတည်ငြိမ်မှုအခြေအနေအစီရင်ခံစာ
## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | အခန်း(၁) | ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ငွေရေးကြေးရေး တည်ငြိမ်မှုအခြေအနေ အစီရင်ခံစာ (အကျဉ်းချုပ်) | ၂ |
| ၂။ | အခန်း(၂) | မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ကြီးကြပ်စစ်ဆေးခြင်းနှင့် ကြပ်မတ်ကွပ်ကဲခြင်းဆိုင်ရာ အခန်းကဏ္ဍနှင့်ဆောင်ရွက်ချက်များ | ၃ |
| | | - မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏အခန်းကဏ္ဍ | ၃ |
| | | - ငွေရေးကြေးရေးကဏ္ဍ၏လက်ရှိဖွဲ့စည်းတည်ဆောက်မှု | ၄ |
| ၃။ | အခန်း(၃) | ငွေရေးကြေးရေးစနစ် တည်ငြိမ်မှုအခြေအနေ သုံးသပ်တင်ပြချက်များ | ၅ |
| | | - ဘဏ်လုပ်ငန်းကဏ္ဍတစ်ခုလုံး၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် အရေးပါသောဘဏ္ဍာရေးဆိုင်ရာကိန်းဂဏန်းများ အပေါ်အခြေခံ၍ စိစစ်ချက်များ | ၅ |
| | | - ဘဏ်လုပ်ငန်းကဏ္ဍတစ်ခုလုံး၏အရေးပါသောဘဏ္ဍာရေး ဆိုင်ရာ ငွေရေးကြေးရေးအချိုးများအပေါ်အခြေခံ၍ စိစစ်ချက်များ | ၁၁ |
| | | - ငွေရေးကြေးရေးကုမ္ပဏီများအားကြီးကြပ်စစ်ဆေးခြင်း | ၁၈ |
| ၄။ | **နောက်ဆက်တွဲဇယားများ** | | |
| | ဇယား (၁) | (၃၁.၃.၂၀၁၆) ရက်နေ့ထိ နိုင်ငံပိုင်ဘဏ်များ၏ ဘဏ်ခွဲစာရင်း | ၂၀ |
| | ဇယား(၂) | (၃၁.၃.၂၀၁၆) ရက်နေ့ထိ ပြည်တွင်းပုဂ္ဂလိကဘဏ် များမှဖွင့်လှစ်ထားသောဘဏ်ခွဲစာရင်း | ၂၁ |
| | ဇယား(၃) | မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ (၃၁.၃.၂၀၁၆) ရက်နေ့ထိ လိုင်စင်ထုတ်ပေးခဲ့သည့်နိုင်ငံခြားဘဏ်ခွဲများစာရင်း | ၂၂ |
| | ဇယား(၄) | မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ (၃၁.၃.၂၀၁၆) ရက်နေ့ထိ လိုင်စင်ထုတ်ပေးခဲ့သည့်ပြည်တွင်းငွေရေးကြေးရေး ကုမ္ပဏီများစာရင်း | ၂၃ |
| | ဇယား(၅) | မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ (၃၁.၃.၂၀၁၆) ရက်နေ့ထိ လိုင်စင်ထုတ်ပေးခဲ့သည့်ဘဏ်မဟုတ်သောနိုင်ငံခြား ငွေရေးကြေးရေးကုမ္ပဏီကိုယ်စားလှယ်ရုံးခွဲများစာရင်း | ၂၄ |
| | ဇယား(၆) | (၃၁.၃.၂၀၁၆) ရက်နေ့ထိ ဖွင့်လှစ်ထားသည့်နိုင်ငံခြားဘဏ် ကိုယ်စားလှယ်ရုံးခွဲစာရင်း | ၂၅ |

# အခန်း(၁)
# ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ငွေရေးကြေးရေးတည်ငြိမ်မှုအခြေအနေအစီရင်ခံစာ(အကျဉ်းချုပ်)

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ငွေရေးကြေးရေးတည်ငြိမ်မှုအခြေအနေ အစီရင်ခံစာသည် နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များ၊ နိုင်ငံခြားဘဏ် ဘဏ်ခွဲများနှင့် ငွေရေးကြေးရေးကုမ္ပဏီများ၏ လက်ကျန်ရှင်းတမ်း (Balance Sheet) ပါ ဘဏ္ဍာရေးအခြေအနေများကို အခြေခံ၍ ဘဏ္ဍာနှစ် ၂၀၁၅-၂၀၁၆ နှင့် ယခင်ဘဏ္ဍာနှစ် ၂၀၁၄-၂၀၁၅ ရှိ အရေးပါသော ဘဏ္ဍာရေးဆိုင်ရာ ငွေရေးကြေးရေးအချိုးများ၊ ရရန်ပိုင်ခွင့်များ(Assets)၊ ချေးငွေများ (Loans)၊ အပ်ငွေများ(Deposits)၊ မတည်ရင်းနှီးငွေ(Capital)၊ ငွေဖြစ်လွယ်သောရရန်ပိုင်ခွင့်များ (Liquid Assets)၊ အသားတင်ဝင်ငွေ (Net Income) တို့၏ အခြေအနေကို စိစစ်တင်ပြထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၌ ပုဂ္ဂလိကဘဏ်များ၏ ရရန်ပိုင်ခွင့်များ၊ ပေးရန်တာဝန်များ၊ မတည်ရင်းနှီးငွေနှင့် အမြတ်ရရှိမှုမှာ တိုးတက်မှုရှိခဲ့ပါသည်။ ပုဂ္ဂလိကဘဏ်များ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ရင်းနှီးမြှုပ်နှံမှုများအပေါ်ပြန်ရချက် (Return on Equity) မှာ ပျမ်းမျှအားဖြင့် (၁၇.၅၀%) နှင့် ရရန်ပိုင်ခွင့်အပေါ်ပြန်ရချက် (Return on Assets) မှာ ပျမ်းမျှအားဖြင့် (၁.၁၅%) ရှိပြီး၊ ဘဏ်များ၏ ပျမ်းမျှတိုးတက်မှုနှုန်းမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက အနည်းငယ်လျော့နည်းခဲ့ပါသည်။

ပုဂ္ဂလိကဘဏ်များ၏ အပ်ငွေအနေဖြင့် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက အပ်ငွေတိုးတက်မှုနှုန်း တက်လာကြောင်းတွေ့ရှိရပြီး ယင်းသို့အပ်ငွေတိုးတက်မှုရှိလာခြင်းမှာ ပြည်သူများအနေဖြင့် ဘဏ်လုပ်ငန်းအပေါ် အားထားဆောင်ရွက်လာကြောင်း သုံးသပ်ရပါသည်။ ချေးငွေနှင့် အပ်ငွေအချိုးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်ဆုံးသော (၃၁.၃.၂၀၁၆) ရက်နေ့၌ (၅၄.၇၇%) ရှိကြောင်း တွေ့ရပါသည်။ ၎င်းအပြင် ဘဏ်များသည် ငွေသားကိုင်ဆောင်မှုနှင့် စုစုပေါင်း ရရန်ပိုင်ခွင့် အချိုးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်ဆုံးသော (၃၁.၃.၂၀၁၆) ရက်နေ့၌ (၃၈.၆၆%) ရှိကြောင်းတွေ့ရှိရ၍ ဘဏ်များတွင် စုစုပေါင်းရရန်ပိုင်ခွင့်များအနက် ငွေဖြစ်လွယ်သော ရရန်ပိုင်ခွင့်မှာ သတ်မှတ် အချိုး (၂၀%) နှင့်အထက်ရှိကြောင်းတွေ့ရပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားဘဏ် ဘဏ်ခွဲများအား ဖွင့်လှစ်ခွင့်ပြုခဲ့ခြင်းကြောင့် ဘဏ်လုပ်ငန်းကဏ္ဍ၏ ရင်းနှီးငွေ (Capital) ပမာဏမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ၂.၆ ဆခန့် တိုးလာကြောင်းတွေ့ရပါသည်။

## အခန်း(၂)

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြီးကြပ်စစ်ဆေးခြင်းနှင့် ကြပ်မတ်ကွပ်ကဲခြင်းဆိုင်ရာ အခန်းကဏ္ဍနှင့် ဆောင်ရွက်ချက်များ

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အခန်းကဏ္ဍ**

ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အဓိက ရည်မှန်းချက်တစ်ခုဖြစ်ပြီး၊ ထိုသို့ ငွေရေးကြေးရေးစနစ်တည်ငြိမ်စေရန်အတွက် ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများအား စည်းမျဉ်းများချမှတ်၍ ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်းကို ဆောင်ရွက်ပါသည်။

ကြီးကြပ်စစ်ဆေးခြင်း၏ အဓိကရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- ဘဏ်လုပ်ငန်းတောင့်တင်းခိုင်မာစေရန်၊
- ဘဏ်လုပ်ငန်းစနစ်အတွင်း ဘဏ်များ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ၎င်းတို့၏ ငွေရေးကြေးရေးအခြေအနေကိုကြီးကြပ်ရန်၊
- မှန်ကန်သောအရေးယူဆောင်ရွက်မှုကို အချိန်မီပြုလုပ်နိုင်ရန်အတွက် ဆုံးရှုံးနိုင်ခြေများကို ဖော်ထုတ်သတ်မှတ်ရန်၊
- ဆုံးရှုံးနိုင်ခြေများကို အနည်းဆုံးဖြစ်စေရန်။

ငွေရေးကြေးရေးအဖွဲ့အစည်းများကို ကြီးကြပ်စစ်ဆေးရာတွင် စောင့်ကြည့်ကြီးကြပ်စစ်ဆေးခြင်းနှင့် ကွင်းဆင်းကြီးကြပ်စစ်ဆေးခြင်း နည်းလမ်း(၂) သွယ် ဖြင့် စစ်ဆေးပါသည်။

**စောင့်ကြည့်ကြီးကြပ်စစ်ဆေးခြင်း(Off-site Monitoring)**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ-၇၀ပါ ပြဋ္ဌာန်းချက်အရ ဘဏ်များက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနသို့ ပေးပို့သည့် နေ့စဉ်ဘဏ္ဍာရေးအစီရင်ခံစာများ၊ အပါတ်စဉ် ဘဏ္ဍာရေးအစီရင်ခံစာများ၊ လစဉ်ဘဏ္ဍာရေး အစီရင်ခံစာများ၊ (၃) လတစ်ကြိမ် ဘဏ္ဍာရေးအစီရင်ခံစာများ၊ နှစ်စဉ်အစီရင်ခံစာများအား ဗဟိုဘဏ်က ကြီးကြပ်စစ်ဆေးပါသည်။

**ကွင်းဆင်းကြီးကြပ်စစ်ဆေးခြင်း (On-site Examination)**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနသည် ဘဏ်များအား ကွင်းဆင်းကြီးကြပ်စစ်ဆေးရာတွင် ဘဏ်များ၏ရရန်ပိုင်ခွင့်များ(Assets)နှင့် ပေးရန်တာဝန်များ (Liabilities) စာရင်းခေါင်းစဉ်ရှိ စာရင်းများအား စစ်ဆေးပါသည်။ ထို့ပြင် နိုင်ငံခြားသုံးငွေလုပ်ငန်းများဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေများ၊ စည်းမျဉ်းများ၊ ညွှန်ကြားချက်

များနှင့်အညီ လိုက်နာဆောင်ရွက်မှုရှိ/မရှိ၊ နေ့စဉ်ထိန်းသိမ်းထားရှိရမည့် နိုင်ငံခြားသုံးငွေလက်ကျန် အခြေအနေသည် သတ်မှတ်ထားသောရာခိုင်နှုန်းအတွင်းရှိ/မရှိ၊ ငွေလွှဲများနှင့်ရင်းနှီးမြှုပ်နှံမှုများအား ပြည်တွင်းပြည်ပသို့ လွှဲပြောင်းခြင်းနှင့်ပတ်သက်၍ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်းများနှင့်အညီ လိုက်နာဆောင်ရွက်မှုရှိ/မရှိနှင့် ဘဏ်များ၏ ဘဏ်လုပ်ငန်းဝန်ဆောင်မှုနှင့်ပတ်သက်၍ AML/CFT စည်းမျဉ်းများနှင့်အညီ လိုက်နာဆောင်ရွက်မှုရှိ/မရှိ ကြီးကြပ်စစ်ဆေးပါသည်။

**ငွေရေးကြေးရေးကဏ္ဍ၏ လက်ရှိဖွဲ့စည်းတည်ဆောက်မှု**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကုန်တွင် မြန်မာနိုင်ငံ ငွေရေးကြေးရေးကဏ္ဍ၏ ဖွဲ့စည်းတည်ဆောက်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ငွေရေးကြေးရေးအဖွဲ့အစည်းများ | အရေအတွက် | ဇယား |
|---|---|---|---|
| ၁ | နိုင်ငံပိုင်ဘဏ် | ၄ | (ဇယား-၁) |
| ၂ | ပုဂ္ဂလိကဘဏ် | ၂၄ | (ဇယား-၂) |
| ၃ | နိုင်ငံခြားဘဏ် ဘဏ်ခွဲ | ၉ | (ဇယား-၃) |
| ၄ | ငွေရေးကြေးရေးကုမ္ပဏီ | ၁၃ | (ဇယား-၄) |
| ၅ | နိုင်ငံခြားငွေရေးကြေးရေးကုမ္ပဏီ ကိုယ်စားလှယ်ရုံးခွဲ | ၁ | (ဇယား-၅) |
| ၆ | နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးခွဲ | ၄၃ | (ဇယား-၆) |
| ၇ | Money Changer လုပ်ငန်း | ၃၁၇ | - |
| ၈ | အာမခံကုမ္ပဏီ | ၁၂ | - |
| ၉ | အသေးစားငွေရေးကြေးရေးလုပ်ငန်း | ၁၆၇ | - |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်း အောက်တွင် နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များ၊ ငွေရေးကြေးရေးကုမ္ပဏီများ၊ နိုင်ငံခြားဘဏ် ဘဏ်ခွဲများ၊ နိုင်ငံခြားဘဏ်နှင့်ငွေရေးကြေးရေးကုမ္ပဏီကိုယ်စားလှယ်ရုံးခွဲများနှင့် နိုင်ငံခြားငွေလဲလှယ်သည့် လုပ်ငန်းများ (Money Changer) တို့ပါဝင်ပါသည်။ အာမခံကုမ္ပဏီနှင့် အသေးစား ငွေရေးကြေးရေး လုပ်ငန်းများမှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ငွေရေးကြေးရေးကြပ်မတ် ကွပ်ကဲမှုဌာန၏ ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်း အောက်တွင်ရှိပါသည်။

## အခန်း(၃)

## ငွေရေးကြေးရေးစနစ်တည်ငြိမ်မှု အခြေအနေသုံးသပ်တင်ပြချက်များ

ဘဏ်လုပ်ငန်းကဏ္ဍသည် လျင်မြန်စွာတိုးတက်ပြီး ခေတ်မီလာသည့်အတွက် ကြီးကြပ်ကွပ်ကဲသည့်စည်းမျဉ်းများကို နိုင်ငံတကာစံနှုန်းများသို့ မြှင့်တင်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲမှုစွမ်းရည် တည်ဆောက်ခြင်းတို့ ပြုလုပ်လျက်ရှိပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပုဂ္ဂလိကဘဏ်များနှင့် ငွေရေးကြေးရေးကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှု တည်ငြိမ်မှုရှိကြောင်း သုံးသပ်ရပါသည်။ ဘဏ်များ၏ အမြတ်ရရှိမှုသည် နှစ်စဉ်တိုးတက်နေကြောင်းနှင့် ပြည်တွင်းဘဏ်လုပ်ငန်းစီမံခန့်ခွဲမှုသည် ခိုင်မာမှုရှိကြောင်း တွေ့ရှိရပါသည်။

**ဘဏ်လုပ်ငန်းကဏ္ဍတစ်ခုလုံး၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက်အရေးပါသော ဘဏ္ဍာရေးဆိုင်ရာကိန်းဂဏန်းများအပေါ် အခြေခံ၍ စိစစ်ချက်များ**

**စုစုပေါင်းရရန်ပိုင်ခွင့် (Asset)**

ဘဏ်လုပ်ငန်းကဏ္ဍ၏ စုစုပေါင်းရရန်ပိုင်ခွင့် အခြေအနေမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၃၈,၇၀၈,၃၅၉.၆၂ သန်း ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၃၂,၄၃၄,၀၁၅.၄၂ သန်း ရှိခဲ့သဖြင့် ယခင်နှစ်အလားတူ ကာလနှင့်နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ကျပ် ၆,၂၇၄,၃၄၄.၂၀ သန်း၊ ၁၉.၃၄% တိုးတက်ခဲ့ပါသည်။ ယင်းသို့တိုးတက်ခြင်းမှာ အဓိကအားဖြင့် ပုဂ္ဂလိကဘဏ်များ၏ စုစုပေါင်းရရန်ပိုင်ခွင့် တိုးတက်ခြင်းကြောင့်ဖြစ်ပါသည်။

ပုဂ္ဂလိကဘဏ်များ၏စုစုပေါင်းရရန်ပိုင်ခွင့် အခြေအနေမှာ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၂၀,၃၅၀,၄၈၉.၆၀ သန်း ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၁၅,၄၇၈,၁၈၄.၄၄ သန်း ရှိခဲ့သဖြင့် ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ကျပ် ၄,၆၇၂,၃၀၅.၁၆ သန်း၊ ၃၀.၁၈% တိုးတက်ခဲ့ပါသည်။

နိုင်ငံပိုင်ဘဏ်များ၏ စုစုပေါင်းရရန်ပိုင်ခွင့်အခြေအနေမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၁၆,၆၁၇,၄၂၆.၆၂ သန်း ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၁၆,၉၅၅,၈၃၀.၉၈ သန်း ရှိခဲ့သဖြင့် ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ကျပ် ( ၃၃၈,၄၀၄.၃၆ ) သန်း၊ ၁.၉၉% ကျဆင်းသွားပါသည်။

နိုင်ငံခြားဘဏ် ဘဏ်ခွဲများ၏ စုစုပေါင်းရရန်ပိုင်ခွင့်အခြေအနေမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၁,၉၄၀,၄၄၃.၄၀ သန်းရှိပြီး၊ နိုင်ငံခြားဘဏ် ဘဏ်ခွဲများအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဘဏ်လုပ်ငန်းစတင်လုပ်ကိုင်ခြင်းမရှိသဖြင့် နှိုင်းယှဉ်တင်ပြနိုင်ခြင်းမရှိပါ။

**ချေးငွေ (Loan)**

ဘဏ်လုပ်ငန်းကဏ္ဍ၏ ချေးငွေအခြေအနေမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၁၅,၁၅၂,၁၆၁.၂၃ သန်းရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၁၁,၃၃၅,၅၇၈.၆၈ သန်း ရှိခဲ့သဖြင့် ယခင်နှစ်အလားတူ ကာလနှင့်နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ကျပ် ၃,၈၁၆,၅၈၂.၅၅ သန်း၊ ၃၃.၆၆% တိုးတက်ခဲ့ပါသည်။ အဓိကတိုးတက်ခြင်းမှာ ပုဂ္ဂလိကဘဏ်များ၏ ချေးငွေပိုမို တိုးတက်ထုတ်ချေးခြင်းကြောင့်ဖြစ်ပါသည်။

ပုဂ္ဂလိကဘဏ်များ၏ ချေးငွေအခြေအနေမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၁၂,၃၈၂,၇၆၀.၄၆ သန်း ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၉,၀၃၇,၃၃၁.၁၀ သန်း ရှိခဲ့သဖြင့် ယခင်နှစ်အလားတူ ကာလနှင့်နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ကျပ် ၃,၃၄၅,၄၂၉.၃၆ သန်း၊ ၃၇.၀၁% တိုးတက်ခဲ့ပါသည်။

နိုင်ငံပိုင်ဘဏ်များ၏ ချေးငွေအခြေအနေမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၂,၆၉၁,၁၈၂.၉၆ သန်း ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၂,၂၉၈,၂၄၇.၅၈ သန်း ရှိခဲ့သဖြင့် ယခင်နှစ်အလားတူ ကာလနှင့်နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ကျပ် ၃၉၂,၉၃၅.၃၈ သန်း၊ ၁၇.၀၉% တိုးတက်ခဲ့ပါသည်။

နိုင်ငံခြားဘဏ် ဘဏ်ခွဲများ၏ ချေးငွေအခြေအနေမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၇၈,၂၁၇.၈၁ သန်း ချေးငွေထုတ်ချေးထားပြီး၊ နိုင်ငံခြားဘဏ် ဘဏ်ခွဲများအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဘဏ်လုပ်ငန်းစတင်လုပ်ကိုင်ခြင်း မရှိသဖြင့်နှိုင်းယှဉ်တင်ပြနိုင်ခြင်းမရှိပါ။

**အပ်ငွေ (Deposit)**

ဘဏ်လုပ်ငန်းကဏ္ဍ၏ အပ်ငွေအခြေအနေမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၂၇,၂၃၄,၁၀၁.၃၃ သန်း ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၂၀,၆၁၆,၄၂၇.၁၆ သန်း ရှိခဲ့သဖြင့် ယခင်နှစ်အလားတူ ကာလနှင့်နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ကျပ် ၆,၆၁၇,၆၇၄.၁၇ သန်း၊ ၃၂.၀၉% တိုးတက်ခဲ့ပါသည်။ အဓိကတိုးတက်ခြင်းမှာ ပုဂ္ဂလိကဘဏ်များ၌ အပ်ငွေအပ်နှံမှု ပိုမိုတိုးတက်လာခြင်းကြောင့် ဖြစ်ပါသည်။

ပုဂ္ဂလိကဘဏ်များ၏ အပ်ငွေအခြေအနေမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၁၇,၂၁၉,၃၀၈.၃၄ သန်း ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၁၃,၁၃၁,၇၅၂.၄၂ သန်း ရှိခဲ့သဖြင့် ယခင်နှစ်အလားတူ ကာလနှင့်နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ကျပ် ၄,၀၈၇,၅၅၅.၉၂ သန်း၊ ၃၁.၁၂% တိုးတက်ခဲ့ပါသည်။

နိုင်ငံပိုင်ဘဏ်များ၏ အပ်ငွေအခြေအနေမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၉,၅၀၂,၅၁၃.၆၂ သန်း ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၇,၄၈၄,၆၇၄.၇၄ သန်း ရှိခဲ့သဖြင့် ယခင်နှစ်အလားတူ ကာလနှင့်နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ကျပ် ၂,၀၁၇,၈၃၈.၈၈ သန်း၊ ၂၆.၉၆% တိုးတက်ခဲ့ပါသည်။

နိုင်ငံခြားဘဏ် ဘဏ်ခွဲများ၏အပ်ငွေအခြေအနေမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၅၁၂,၂၇၉.၃၇ သန်းအပ်ငွေရရှိပြီး၊ နိုင်ငံခြားဘဏ် ဘဏ်ခွဲများအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဘဏ်လုပ်ငန်းစတင်လုပ်ကိုင်ခြင်း မရှိသဖြင့်နှိုင်းယှဉ်တင်ပြနိုင်ခြင်းမရှိပါ။

**မတည်ရင်းနှီးငွေ (Capital)**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေရေးကြေးရေးတည်ငြိမ်မှုရှိစေရန်နှင့် ဘဏ်များ ခိုင်မာမှုရှိစေရန်တို့အတွက် (၃၀.၁၂.၂၀၁၄) ရက်နေ့တွင် ညွှန်ကြားချက်အမှတ်(၉/၂၀၁၄) ဖြင့်ပြည်တွင်း၌ ဘဏ်လုပ်ငန်းများလုပ်ကိုင်ရန် ခွင့်ပြုထားသည့်ဘဏ်များ၏ အနည်းဆုံးထည့်ဝင်ရမည့် မတည် ရင်းနှီးငွေ (Paid up Capital) အား ကျပ် (၂၀) ဘီလီယံ ထားရှိရန် တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။ သို့ဖြစ်၍ ဘဏ်လုပ်ငန်းကဏ္ဍ၏ ထည့်ဝင်ပြီး မတည်ရင်းနှီးငွေ အခြေအနေမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၂,၀၇၀,၅၀၅.၇၀ သန်း ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၇၉၆,၄၃၉.၇၄ သန်း ရှိခဲ့သဖြင့် ယခင်နှစ်အလားတူ ကာလနှင့်နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ကျပ် ၁,၂၇၄,၀၆၅.၉၆ သန်း၊ (၂.၆ ဆ) ခန့် တိုးတက်ခဲ့ပါသည်။

ပုဂ္ဂလိကဘဏ်များ၏ မတည်ရင်းနှီးငွေအခြေအနေမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၉၅၂,၇၄၈.၆၅ သန်း ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၇၃၃,၉၃၉.၇၄ သန်း ရှိခဲ့သဖြင့် ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ကျပ် ၂၁၈,၈၀၈.၉၁ သန်း၊ ၂၉.၈၁ % တိုးတက်ခဲ့ပါသည်။

နိုင်ငံပိုင်ဘဏ်များ၏ မတည်ရင်းနှီးငွေ အခြေအနေမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၆၉,၅၀၀ သန်းရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၆၂,၅၀၀ သန်း ရှိခဲ့သဖြင့် ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ကျပ်သန်း ၇,၀၀၀ ရာခိုင်နှုန်းအားဖြင့် ၁၁.၂၀% တိုးတက်ခဲ့ပါသည်။

နိုင်ငံခြားဘဏ် ဘဏ်ခွဲများ၏ မတည်ရင်းနှီးငွေအခြေအနေမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၁,၀၄၈,၂၅၇.၀၅ သန်း ရှိပါသည်။

**ငွေဖြစ်လွယ်သောရရန်ပိုင်ခွင့်များ (Liquid Assets)**

ဘဏ်လုပ်ငန်းကဏ္ဍ၏ ငွေဖြစ်လွယ်သော ရရန်ပိုင်ခွင့်များအခြေအနေမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၁၅,၀၁၆,၄၈၃.၀၀ သန်း ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၁၁,၃၈၃,၁၅၅.၂၁ သန်းရှိခဲ့သဖြင့် ယခင်နှစ်အလားတူ ကာလနှင့်နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ကျပ် ၃,၆၃၃,၃၂၇.၇၉ သန်း၊ ၃၁.၉၂ % တက်လာခဲ့ပါသည်။

ပုဂ္ဂလိကဘဏ်များ၏ ငွေဖြစ်လွယ်သောရရန်ပိုင်ခွင့်များအခြေအနေမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၄,၀၄၀,၄၁၂.၀၁ သန်း ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၃,၄၇၂,၉၁၉.၅၇ သန်းရှိသဖြင့် ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ကျပ် ၅၆၇,၄၉၂.၄၄ သန်း၊ ၁၆.၃၄% တက်သွားကြောင်း တွေ့ရပါသည်။ ငွေဖြစ်လွယ်သော ရရန်ပိုင်ခွင့်များ တိုးလာခြင်းသည် ဘဏ်များတွင် အရေးပေါ်ငွေ လိုအပ်ချက်များအတွက် အထောက်အကူပြုပြီး ငွေဖြစ်လွယ်သောရရန်ပိုင်ခွင့်များတွင် ဘဏ်၏ ငွေသားလက်ကျန်၊ ဗဟိုဘဏ်တွင် အပ်နှံထားသည့် ငွေသားလက်ကျန်နှင့် နိုင်ငံခြားအဆက်အသွယ်ဘဏ်များတွင် ထားရှိသော ငွေသားလက်ကျန်များ အဓိကတိုးလာခြင်းကြောင့် ဖြစ်ကြောင်းတွေ့ရပါသည်။

နိုင်ငံပိုင်ဘဏ်များ၏ ငွေဖြစ်လွယ်သော ရရန်ပိုင်ခွင့်များ အခြေအနေမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင်ကျပ် ၉,၂၈၆,၇၀၁.၁၁ သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၇,၉၁၀,၂၃၅.၆၄ သန်း ရှိသဖြင့် ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ကျပ် ၁,၃၇၆,၄၆၅.၄၇ သန်း၊ ၁၇.၄၀% တိုးတက်ခဲ့ပါသည်။

နိုင်ငံခြားဘဏ် ဘဏ်ခွဲများ၏ ငွေဖြစ်လွယ်သော ရရန်ပိုင်ခွင့်များ အခြေအနေမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင်ကျပ် ၁,၆၈၉,၃၆၉.၈၈ သန်းရှိပါသည်။

ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံပိုင်ဘဏ်များ၏ အရေးပါသော ဘဏ္ဍာရေးကိန်းဂဏန်းများ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နှိုင်းယှဉ်၍ ဘဏ္ဍာရေးကိန်းဂဏန်းများ၏ ရာခိုင်နှုန်းတိုးတက်မှုနှင့် ကိန်းဂဏန်းများ၏ ပမာဏတိုးတက်မှုအခြေအနေအား ပုံ(၁)၊

ပုံ(၂)၊ ပုံ(၃) နှင့် ပုံ(၄) တို့ဖြင့် ဖော်ပြထားပါသည်။နိုင်ငံခြားဘဏ်ခွဲများ၏ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် အရေးပါသော ဘဏ္ဍာရေးကိန်းဂဏန်းများပမာဏကို ပုံ (၅) ဖြင့်တင်ပြထားပါသည်။




ဇစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်




ဇစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်




ဇစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်




ဇစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်




ဇစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**အသားတင်ဝင်ငွေ (Net Income)**

ဘဏ်လုပ်ငန်းကဏ္ဍတစ်ခုလုံး၏ အသားတင်ဝင်ငွေအခြေအနေမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၂၃၀,၈၇၁.၁၄ သန်း ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၂၈၅,၄၄၇.၁၉ သန်း ရှိခဲ့သဖြင့် ယခင်နှစ်အလားတူ ကာလနှင့်နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ကျပ် ၅၄,၅၇၆.၀၅ သန်း ၁၉.၁၁% လျော့နည်းခဲ့ပါသည်။ ဘဏ်များ၏ ဝင်ငွေရရှိမှုသည်ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ပုဂ္ဂလိကပိုင်ဘဏ်များသည် ဝင်ငွေတိုးတက်လာသော်လည်း နိုင်ငံပိုင်ဘဏ်များသည် အမြတ်ရရှိမှု လျော့နည်းသွားခြင်းကြောင့်ဖြစ်ပါသည်။ နိုင်ငံခြားဘဏ် ဘဏ်ခွဲများသည် အဆောက်အဦ ငှားရမ်းခစရိတ်များ၊ ဝန်ထမ်းလစာနှင့် Software စရိတ်များကြောင့် လုပ်ငန်းစတင်သည့် ပထမနှစ်၌ အရှုံးဖြစ်ပေါ်ခဲ့ပါသည်။ သို့ပါ၍ အသားတင်ဝင်ငွေသည် ယခင်နှစ်နှင့် နှိုင်းယှဉ်သည့်အခါတွင် လျော့နည်းသွားခြင်း ဖြစ်ပါသည်။

ပုဂ္ဂလိကဘဏ်များ၏ အသားတင်ဝင်ငွေမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၂၃၁,၅၉၂.၁၁ သန်းရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၂၂၅,၂၉၉.၅၉ သန်းရှိခဲ့သဖြင့်၊ ယခင်နှစ်အလားတူ ကာလနှင့်နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ကျပ် ၆,၂၉၂.၅၂သန်း၊ ၂.၇၉% တိုးတက်ခဲ့ပါသည်။

နိုင်ငံပိုင်ဘဏ်များ၏ အသားတင်ဝင်ငွေမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၃၀,၈၂၄.၃၂ သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၆၀,၁၄၇.၆၀ သန်း ရှိခဲ့သဖြင့် ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ကျပ် ၂၉,၃၂၃.၂၈ သန်း၊

၄၈.၇၅% လျော့နည်းခဲ့ပါသည်။ ထိုသို့လျော့နည်းရသည့် အဓိကအကြောင်းရင်းမှာ ရင်းနှီးမြှုပ်နှံမှုမှ အတိုးရငွေနှင့် ထုတ်ချေးငွေမှအတိုးရငွေ တိုးလာသော်လည်း တစ်ဖက်တွင် အပ်နှံငွေများ အပေါ်အတိုးပေးငွေ နှင့် စီမံခန့်ခွဲမှုကုန်ကျစရိတ်များလာခြင်းကြောင့် ဖြစ်ပါသည်။

နိုင်ငံခြားဘဏ် ဘဏ်ခွဲများမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၃၁,၅၄၅.၂၉ သန်း အရှုံး ဖြစ်ပေါ်ခဲ့ပါသည်။ ယင်းမှာလုပ်ငန်းစတင်လည်ပတ်ချိန်ဖြစ်၍ ဘဏ်ခွဲ အဆောက်အဦငှားရမ်းခ စရိတ်များ၊ ဝန်ထမ်းလစာနှင့် Software စရိတ်များ စသည့် အသုံးစရိတ်များမှာ ဝင်ငွေရရှိမှု ထက်များပြား၍ အရှုံးဖြစ်ပေါ်ခဲ့ခြင်း ဖြစ်ပါသည်။

**ဘဏ်လုပ်ငန်းကဏ္ဍတစ်ခုလုံး၏ အရေးပါသော ဘဏ္ဍာရေးဆိုင်ရာ ငွေရေးကြေးရေးအချိုးများ အပေါ် အခြေခံ၍ စိစစ်ချက်များ**

**ပုံသေရရန်ပိုင်ခွင့်နှင့်စုစုပေါင်းရရန်ပိုင်ခွင့်အချိုး (Fixed Assets to Total Assets)**

ဘဏ်လုပ်ငန်းကဏ္ဍ၏ ပုံသေရရန်ပိုင်ခွင့်နှင့် စုစုပေါင်းရရန်ပိုင်ခွင့် အချိုးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ၂.၁၀% ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ၁.၇၁% ရှိခဲ့သဖြင့် ယခင်နှစ် အလားတူ ကာလနှင့်နှိုင်းယှဉ်လျှင် ၀.၃၉% တိုးတက်ခဲ့ပါသည်။

ပုဂ္ဂလိကဘဏ်များ၏ ပုံသေရရန်ပိုင်ခွင့်နှင့် စုစုပေါင်းရရန်ပိုင်ခွင့် အချိုးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ၃.၈၅% ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ၃.၄၈% ရှိခဲ့သဖြင့် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၀.၃၇% တိုးလာကြောင်း တွေ့ရပါသည်။

နိုင်ငံပိုင်ဘဏ်များ၏ ပုံသေရရန်ပိုင်ခွင့်နှင့် စုစုပေါင်းရရန်ပိုင်ခွင့် အချိုးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ၀.၁၁% ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ၀.၁၀% ရှိခဲ့သဖြင့် ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ၀.၀၁% တက်လာခဲ့ပါသည်။

နိုင်ငံခြားဘဏ် ဘဏ်ခွဲများ၏ ပုံသေရရန်ပိုင်ခွင့်နှင့် စုစုပေါင်းရရန်ပိုင်ခွင့် အချိုးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ၀.၉၁% ရှိကြောင်း တွေ့ရှိရပါသည်။

ပုံသေရရန်ပိုင်ခွင့်နှင့် စုစုပေါင်းရရန်ပိုင်ခွင့်အချိုး ၀.၃၉% တိုးလာခြင်းမှာ ဘဏ်ခွဲများ ဖွင့်လှစ်သည့်အခါ၌ ပုံသေပိုင်ပစ္စည်းများဖြစ်သော မြေနဲ့အဆောက်အဦ၊ ရုံးသုံးစက်ပစ္စည်း၊ ကွန်ပျူတာနဲ့အခြားလျှပ်စစ်ပစ္စည်းများဝယ်ယူရခြင်းကြောင့် ပုံသေရရန်ပိုင်ခွင့်နဲ့ စုစုပေါင်းရရန် ပိုင်ခွင့်အချိုးတိုးလာခြင်းဖြစ်ပါသည်။

**ငွေကြေးလွယ်ကူမှုအချိုး (Liquidity Ratio)**

ဘဏ်လုပ်ငန်းကဏ္ဍ၏ ငွေကြေးလွယ်ကူမှုအချိုးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ၅၉.၆၀% ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ၅၃.၀၆% ရှိခဲ့သဖြင့် ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ၆.၅၄% တိုးတက်ခဲ့ပါသည်။

ပုဂ္ဂလိကဘဏ်များ၏ ငွေကြေးလွယ်ကူမှုအချိုးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ၂၀.၄၂% ရှိပြီး၊၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၂၇.၇၇% ရှိသဖြင့် ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ၇.၃၅% လျော့နည်းသွားကြောင်း တွေ့ရပါသည်။ သို့ရာတွင် သတ်မှတ်ထားသော အနည်းဆုံးငွေကြေးလွယ်ကူမှုအချိုး ၂၀% ကျော်လွန်ကြောင်း တွေ့ရပါသည်။

နိုင်ငံပိုင်ဘဏ်များ၏ ငွေကြေးလွယ်ကူမှုအချိုးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ၇၅.၇၈%၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၉၀.၇၃% ရှိသဖြင့် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၁၄.၉၅% လျော့နည်းခဲ့ပါသည်။

နိုင်ငံခြားဘဏ် ဘဏ်ခွဲများ၏ ငွေကြေးလွယ်ကူမှုအချိုးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ၂၂၆.၈၅% ရှိကြောင်းတွေ့ရှိရပါသည်။ နိုင်ငံခြားဘဏ် ဘဏ်ခွဲများအနေဖြင့် လုပ်ငန်းစတင်လည်ပတ်သည့် နှစ်၌ ငွေဖြစ်လွယ်သောရရန်ပိုင်ခွင့်များဖြစ်သော ငွေသားလက်ကျန်၊ ဗဟိုဘဏ်ရှိ အပ်နှံငွေစာရင်း လက်ကျန်များသည် လက်ငင်းပေးရန်တာဝန်များဖြစ်သည့် အပ်ငွေလက်ခံရရှိမှုထက်များပြားနေ၍ ယင်းတို့၏ ငွေကြေးလွယ်ကူမှုအချိုးမှာ များပြားနေခြင်းဖြစ်ပါသည်။

ဘဏ်လုပ်ငန်းကဏ္ဍ၌ ငွေကြေးလွယ်ကူမှုအချိုး ၆.၅၄% တက်ရသည့်အကြောင်းအရင်းမှာ ဘဏ်များအနေနှင့် ငွေဖြစ်လွယ်သော ရရန်ပိုင်ခွင့်များတိုးတက်လာသည့် ပမာဏမှာ လက်ငင်းပေးရန်တာဝန်များဖြစ်သည့် စာရင်းရှင်အပ်ငွေများ၊ ငွေစုဘဏ်အပ်ငွေများ တိုးလာသည့် ပမာဏထက်ပိုများ၍ ဖြစ်ပါသည်။

**အစိုးရငွေတိုက်စာချုပ်မပါဝင်သောငွေကြေးလွယ်ကူမှုအချိုး (Liquidity Ratio Excluding Government Bonds)**

အစိုးရငွေတိုက်စာချုပ်များသည် ငွေဖြစ်လွယ်သော ရရန်ပိုင်ခွင့်များ ဖြစ်ပါသည်။ သို့ရာတွင် အစိုးရငွေတိုက်စာချုပ် ပိုင်ဆိုင်မှုမပါအခြားလက်ငင်းရရန်ပိုင်ခွင့်များနှင့် လက်ငင်းပေးရန်တာဝန်များ၏ အချိုးမှာ ဘဏ်လုပ်ငန်းကဏ္ဍတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ၅၆.၉၁% ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ၃၆.၆၈% ရှိခဲ့သဖြင့် ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ၂၀.၂၃% တိုးတက်ခဲ့ပါသည်။

ပုဂ္ဂလိကဘဏ်များ၏ အစိုးရငွေတိုက်စာချုပ်ပိုင်ဆိုင်မှုမပါသော အခြားလက်ငင်းရရန်ပိုင်ခွင့်များနှင့် လက်ငင်းပေးရန်တာဝန်များ၏ အချိုးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ၁၃.၅၄% ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၁၁.၈၁% ရှိသဖြင့် ယခင်နှစ် အလားတူ ကာလနှင့် နှိုင်းယှဉ်လျှင် ၁.၇၃%

တိုးလာကြောင်း တွေ့ရပါသည်။ သို့ရာတွင်ပုဂ္ဂလိကဘဏ်များသည် အစိုးရငွေတိုက်စာချုပ်များ ဝယ်ယူထားမှုကို ထည့်သွင်းတွက်ချက်ပါမှ အနည်းဆုံးထားရှိရမည့် ငွေကြေးလွယ်ကူမှုအချိုး ၂၀% ပြည့်မီမှုရှိကြောင်း တွေ့ရပါသည်။

နိုင်ငံပိုင်ဘဏ်များ၏ အစိုးရငွေတိုက်စာချုပ် ပိုင်ဆိုင်မှုမပါသော အခြားလက်ငင်း ရရန်ပိုင်ခွင့်များနှင့် လက်ငင်းပေးရန်တာဝန်များ၏ အချိုးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၇၅.၇၈%၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၇၃.၇၁% ရှိသဖြင့် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၂.၀၇% တိုးတက်ခဲ့ပါသည်။

နိုင်ငံခြားဘဏ် ဘဏ်ခွဲများ၏ အစိုးရငွေတိုက်စာချုပ် ပိုင်ဆိုင်မှုမပါသော အခြားလက်ငင်း ရရန်ပိုင်ခွင့်များနှင့် လက်ငင်းပေးရန်တာဝန်များ၏ အချိုးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ၂၂၆.၈၅% ရှိကြောင်း တွေ့ရှိရပါသည်။

ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံပိုင်ဘဏ်များ၏ ငွေဖြစ်လွယ်သော ရရန်ပိုင်ခွင့်များ အခြေအနေအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်များအားနှိုင်းယှဉ်၍ ပုံ (၆)နှင့် ပုံ(၇) ဖြင့် လည်းကောင်း၊ နိုင်ငံခြားဘဏ် ဘဏ်ခွဲများ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ငွေဖြစ်လွယ်သော ရရန်ပိုင်ခွင့်များအခြေအနေအားပုံ(၈)ဖြင့်လည်းကောင်းဖော်ပြထားပါသည်။




ဇစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်




ဇစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်




ဇစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ချေးငွေနှင့်အပ်ငွေအချိုး (Loan to Deposit Ratio)

ဘဏ်များသည် ဗဟိုဘဏ်မှ သတ်မှတ်ထားသော သီးသန့်ငွေအချိုး (၅%) နှင့် ငွေကြေးလွယ်ကူမှုအချိုး (၂၀%)ကို ချန်လှပ်၍ လက်ခံထားသော အပ်ငွေ၏ (၇၅%)အားချေးငွေ ထုတ်ချေးနိုင်ပါသည်။ ချေးငွေများထုတ်ချေးခြင်းဖြင့် ဘဏ်တွင်ဝင်ငွေရရှိစေနိုင်သော်လည်း တစ်ဖက်တွင်မူ စံမီသောချေးငွေများသည်သာ တိုင်းပြည်၏ ထုတ်လုပ်မှုကဏ္ဍတိုးတက်ရန် အထောက်အကူပေးနိုင်ပြီး ဘဏ်တွင်ချေးငွေဆိုင်ရာဆုံးရှုံးနိုင်ခြေလျော့နည်းစေမည်ဖြစ်၍ ဘဏ်များအနေဖြင့် စံမီသောချေးငွေများကို ပိုမိုထုတ်ချေးရန်လိုပါသည်။

ဘဏ်လုပ်ငန်းကဏ္ဍ၏ ချေးငွေနှင့်အပ်ငွေအချိုးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ၅၄.၇၇% ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ၅၄.၄၁% ရှိခဲ့သဖြင့် ယခင်နှစ် အလားတူ ကာလနှင့် နှိုင်းယှဉ်လျှင် ၀.၃၆% တိုးတက်ခဲ့ပါသည်။

ပုဂ္ဂလိကဘဏ်များ၏ ချေးငွေနှင့်အပ်ငွေအချိုးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ၇၀.၇၂% ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ၆၇.၇၀% ရှိခဲ့သဖြင့် ယခင်နှစ် အလားတူ ကာလနှင့်နှိုင်းယှဉ်လျှင် ၃.၀၂% တိုးလာကြောင်း တွေ့ရပါသည်။

နိုင်ငံပိုင်ဘဏ်များ၏ ချေးငွေနှင့်အပ်ငွေအချိုးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ၂၈.၃၂% ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ၃၀.၇၁% ရှိခဲ့သဖြင့် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၂.၃၉% လျော့နည်းခဲ့ပါသည်။

နိုင်ငံခြားဘဏ် ဘဏ်ခွဲများ၏ ချေးငွေနှင့်အပ်ငွေအချိုးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ၁၂% ရှိကြောင်းတွေ့ရှိရပါသည်။

**ငွေသားကိုင်ဆောင်ထားမှုနှင့် စုစုပေါင်းရရန်ပိုင်ခွင့် (Cash to Total Assets)**

ဘဏ်လုပ်ငန်းကဏ္ဍ၏ ငွေသားကိုင်ဆောင်ထားမှုနှင့် စုစုပေါင်းရရန်ပိုင်ခွင့်အချိုးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ၃၈.၆၆% ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ၃၄.၉၂% ရှိခဲ့သဖြင့် ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ၃.၇၄% တိုးလာခဲ့ပါသည်။

ပုဂ္ဂလိကဘဏ်များ၏ ငွေသားကိုင်ဆောင်ထားမှုနှင့် စုစုပေါင်းရရန်ပိုင်ခွင့်အချိုးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ၁၉.၇၉% ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၂၂.၀၆% ရှိသဖြင့် ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါ က ၂.၂၇% လျော့နည်းလာကြောင်းတွေ့ရပါသည်။

နိုင်ငံပိုင်ဘဏ်များ၏ ငွေသားကိုင်ဆောင်ထားမှုနှင့် စုစုပေါင်းရရန်ပိုင်ခွင့်အချိုးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၅၅.၈၉% ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၄၆.၆၅% ရှိသဖြင့် ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ၉.၂၄% တိုးသွားပါသည်။

နိုင်ငံခြားဘဏ် ဘဏ်ခွဲများ၏ ငွေသားကိုင်ဆောင်ထားမှုနှင့် စုစုပေါင်းရရန်ပိုင်ခွင့်အချိုးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၈၇.၀၆% ရှိကြောင်းတွေ့ရှိရပါသည်။

**ချေးငွေနှင့်စုစုပေါင်းရရန်ပိုင်ခွင့်အချိုး (Loan to Total Assets)**

ဘဏ်လုပ်ငန်းကဏ္ဍ၏ ချေးငွေနှင့်စုစုပေါင်းရရန်ပိုင်ခွင့်အချိုးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ၃၉.၁၄%ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ၃၄.၉၅% ရှိခဲ့သဖြင့် ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ၄.၁၉% တက်လာခဲ့ပါသည်။

ပုဂ္ဂလိကဘဏ်များ၏ ချေးငွေနှင့်စုစုပေါင်းရရန်ပိုင်ခွင့်အချိုးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ၆၁.၄၅% ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ၅၈.၃၉% ရှိသဖြင့် ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ၃.၀၆% တိုးလာကြောင်းတွေ့ရပါသည်။ ချေးငွေထုတ်ချေးထားမှုမှာ စုစုပေါင်း ရရန်ပိုင်ခွင့်၏ ၅၀% နှင့်အထက်ရှိ၍ ချေးငွေများကို ယခုထက်ပို၍ ထုတ်ချေးနိုင်ကြောင်းတွေ့ရပြီး ပုဂ္ဂလိကဘဏ်များအနေဖြင့် ၎င်းတို့၏ စုစုပေါင်းရရန်ပိုင်ခွင့်များအပေါ် ၅၀% ထုတ်ချေးထားပါသည်။

နိုင်ငံပိုင်ဘဏ်များ၏ ချေးငွေနှင့်စုစုပေါင်း ရရန်ပိုင်ခွင့်အချိုးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ၁၆.၁၉%၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ၁၃.၅၅% ရှိသဖြင့် ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ၂.၆၄% တက်လာခဲ့ပါသည်။

နိုင်ငံခြားဘဏ် ဘဏ်ခွဲများ၏ ချေးငွေနှင့်စုစုပေါင်း ရရန်ပိုင်ခွင့်အချိုးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ၄.၀၃% ရှိကြောင်းတွေ့ရှိရပါသည်။

ချေးငွေနှင့် စုစုပေါင်းရရန်ပိုင်ခွင့်အချိုး ၄.၁၉% တိုးလာခြင်းမှာ အဓိကအားဖြင့် ပုဂ္ဂလိကဘဏ်များ၏ ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်နိုင်သဖြင့် လုပ်ငန်းကွန်ယက်သိသာစွာ တိုးတက်လာပြီး၊ ချေးငွေတိုးတက်မှုနှုန်းမှာ ၃၇ % ကျော် တိုးတက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ထို့အပြင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားဘဏ် ဘဏ်ခွဲများသည်လည်း ချေးငွေများ စတင်ထုတ်ချေးလာခြင်းကြောင့် ချေးငွေနှင့် စုစုပေါင်းရရန်ပိုင်ခွင့်အချိုး တိုးလာခြင်းဖြစ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုများအပေါ်ပြန်ရချက် (Return to Equity-ROE)**

ဘဏ်လုပ်ငန်းကဏ္ဍ၏ ရင်းနှီးမြှုပ်နှံမှုများအပေါ် ပြန်ရချက် (ROE) မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ၉.၅၀% ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ၂၆.၅၅% ရှိခဲ့သဖြင့် ယခင်နှစ်အလားတူ ကာလနှင့်နှိုင်းယှဉ်ပါက ရင်းနှီးမြှုပ်နှံမှုအပေါ် ပြန်ရချက် ၁၇.၀၅% လျော့နည်းသွားပါသည်။

ပုဂ္ဂလိကဘဏ်များ၏ ရင်းနှီးမြှုပ်နှံမှုများအပေါ်ပြန်ရချက်(ROE) မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ၁၇.၅၀% ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၂၂.၆၂% ရှိသဖြင့် ယခင်နှစ်

အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၅.၁၂% လျော့နည်းသွားကြောင်း တွေ့ရသဖြင့် ပုဂ္ဂလိက ဘဏ်များ၏ ရင်းနှီးမြှုပ်နှံမှုအပေါ် ပြန်ရချက်ဝင်ငွေ မြင့်မားအောင် ဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့မှသာ ဘဏ်၏ အစုရှယ်ယာရှင်များ၏ ယုံကြည်မှု ပိုမိုမြင့်မားလာမည်ဖြစ်ပါသည်။

နိုင်ငံပိုင်ဘဏ်များ၏ ရင်းနှီးမြှုပ်နှံမှုအပေါ် ပြန်ရချက် (ROE) အချိုးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၃၄.၆၀%၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၇၆.၃၃% ရှိသဖြင့် ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၄၁.၇၃% လျော့နည်းခဲ့ပါသည်။

နိုင်ငံခြားဘဏ် ဘဏ်ခွဲများ၏ ရင်းနှီးမြှုပ်နှံမှုအပေါ်ပြန်ရချက် (ROE) အချိုးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် -၃.၁၀% ရှိကြောင်း တွေ့ရှိရပါသည်။

**ရရန်ပိုင်ခွင့်များအပေါ်ပြန်ရချက် (Return on Assets)**

ဘဏ်လုပ်ငန်းကဏ္ဍ၏ ရရန်ပိုင်ခွင့်များအပေါ်ပြန်ရချက်မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ၀.၆၀% ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ၀.၈၈% ရှိခဲ့သဖြင့် ယခင်နှစ်အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက ရရန်ပိုင်ခွင့်များအပေါ်ပြန်ရချက် ၀.၂၈% လျော့နည်းသွားကြောင်း တွေ့ရှိရပါသည်။

ပုဂ္ဂလိကဘဏ်များ၏ ရရန်ပိုင်ခွင့်များအပေါ်ပြန်ရချက်မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ၁.၁၅% ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၁.၄၆% ရှိသဖြင့် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၀.၃၁% လျော့နည်းသွားကြောင်းတွေ့ရပါသည်။ ဘဏ်များ၏ စုစုပေါင်းရရန်ပိုင်ခွင့်တွင် ချေးငွေများမှာ အများဆုံးပါဝင်၍ အရည်အသွေးမီ ချေးငွေများကသာ ဆုံးရှုံးမှုနည်းပါးစေပြီး ဘဏ်၏ ဝင်ငွေရရှိနိုင်မည်ဖြစ်၍ အမြတ်ပြန်ရချက် ကောင်းမွန်ရန် အရည်အသွေးရှိသော ဝင်ငွေရနိုင်သော ရရန်ပိုင်ခွင့်များကိုသာ ဘဏ်များမှရင်းနှီးမြှုပ်နှံသင့်ပါသည်။

နိုင်ငံပိုင်ဘဏ်များ၏ ရရန်ပိုင်ခွင့်များအပေါ် ပြန်ရချက် (ROA) အချိုးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၀.၁၉% ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၀.၃၅% ရှိသဖြင့် ယခင်နှစ် အလားတူ ကာလနှင့် နှိုင်းယှဉ်လျှင် ၀.၁၆% လျော့နည်းခဲ့ပါသည်။

နိုင်ငံခြားဘဏ် ဘဏ်ခွဲများ၏ ရရန်ပိုင်ခွင့်များအပေါ် ပြန်ရချက် (ROA) အချိုးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာ နှစ်တွင် -၁.၆၃% ရှိကြောင်းတွေ့ရှိရပါသည်။

**မတည်ငွေရင်းလုံလောက်မှုအချိုး (Capital Adequancy Ratio)**

မြန်မာနိုင်ငံတွင် မြေနှင့်အဆောက်အဦအာမခံဖြင့် ချေးငွေထုတ်ချေးမှုရာခိုင်နှုန်းမှာ များပြားနေသည့်အတွက် မြေနှင့်အဆောက်အဦဈေးနှုန်းများ ရုတ်တရက်ကျဆင်းသွားပါက ငွေဖြစ်လွယ်မှုအချိုးကျဆင်းသွားပြီး ငွေရေးကြေးရေးအကျပ်အတည်း ဖြစ်ပေါ်မှုဆီသို့ ဦးတည်သွားနိုင်ပါသည်။ ယင်းအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ရရန်ပိုင်ခွင့်များပေါ်တွင် ဆုံးရှုံးနိုင်ခြေ (Risk Weighted Assets) အလေးပေးကိန်း အသုံးပြု၍တွက်ချက်သည့် မတည်ရင်းနှီးငွေလုံလောက်မှုအချိုး ညွှန်ကြားချက် အသစ်အားထုတ်ပြန်ရန် ပြင်ဆင်ထားပါသည်။

ပုဂ္ဂလိကဘဏ်များ၏ မတည်ငွေရင်းလုံလောက်မှုအချိုးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ၁၉.၀၈% ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၂၁.၃၉% ရှိသဖြင့် ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၂.၃၁% လျော့နည်းသွားကြောင်း တွေ့ရပါသည်။ သို့ရာတွင်ဗဟိုဘဏ်မှ သတ်မှတ်ထားသည့် အနည်းဆုံးမတည်ရင်းနှီးငွေလုံလောက်မှုအချိုး ၁၀% ကို ပြည့်မီကြောင်း တွေ့ရှိရပါသည်။ ဘဏ်များအနေဖြင့်ဆုံးရှုံးနိုင်ခြေကို ခံနိုင်ရည်ရှိရန် မတည်ရင်းနှီးငွေကို ထပ်မံတိုးမြှင့်ရန်နှင့် တစ်ဖက်တွင်လည်း ဘဏ်၏ Assets များသည် အရည်အသွေးရှိသည့် ဆုံးရှုံးနိုင်ခြေနည်းသည့် ရရန်ပိုင်ခွင့်များဖြစ်ရန် လိုအပ်ပါသည်။

နိုင်ငံပိုင်ဘဏ်များ၏ မတည်ငွေရင်းလုံလောက်မှုအချိုးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၈.၁၈% ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၁၇.၁၆% ရှိသဖြင့် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၈.၉၈% လျော့နည်းခဲ့ပါသည်။

နိုင်ငံခြားဘဏ် ဘဏ်ခွဲများ၏ မတည်ငွေရင်းလုံလောက်မှုအချိုးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁၂၅.၁၇ % ရှိကြောင်းတွေ့ရှိရပါသည်။

**ငွေရေးကြေးရေးကုမ္ပဏီများအားကြီးကြပ်စစ်ဆေးခြင်း**

ငွေရေးကြေးရေးကုမ္ပဏီများသည် အများပြည်သူထံမှ အပ်နှံငွေများမဟုတ်သော အခြားနည်းဖြင့်စုစည်းရရှိသည့် ရန်ပုံငွေများဖြင့် ကုန်ပစ္စည်းဝယ်ယူနိုင်ရန်လည်းကောင်း၊ ဝန်ဆောင်မှုများအတွက် သုံးစွဲနိုင်ရန်လည်းကောင်း၊ ချေးငွေများထုတ်ပေးခြင်းကို အဓိကထား၍ ဆောင်ရွက်ကြပါသည်။ ၎င်းအပြင် အငှားဝယ်စနစ် (Hire Purchase) ဖြင့်လည်း ငွေရေးကြေးရေးကုမ္ပဏီများမှ ဝန်ဆောင်မှုပေးရာ ပုံမှန်ဝင်ငွေရှိသော်လည်း တန်ဖိုးကြီးသော လူသုံးကုန်ပစ္စည်းများ တစ်လုံးတစ်ခဲတည်း မပေးချေနိုင်သူများအတွက် အရစ်ကျပြန်လည်ပေးဆပ်နိုင်ရန် ငွေရေးကြေးရေးကုမ္ပဏီတစ်ခုချင်းအလိုက် စည်းကမ်းချက်များ၊ လူပုဂ္ဂိုလ်အာမခံချက်များဖြင့် ဆောင်ရွက်ပါသည်။

ငွေရေးကြေးရေးကုမ္ပဏီများသည် လစဉ် ယင်းတို့၏ စုစုပေါင်းဝင်ငွေ၊ သုံးငွေ၊ ချေးငွေရှင်းတမ်းအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြရပြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ Off-site Monitoring ပြုလုပ်၍ စိစစ်သုံးသပ်ပါသည်။ ငွေရေးကြေးရေးကုမ္ပဏီများသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း စုစုပေါင်းချေးငွေ မှာကျပ် ၂၇,၃၄၆.၈၄ သန်းရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၁၆,၅၄၁.၃၈ သန်းရှိ၍ ပမာဏအားဖြင့် ကျပ် ၁၀,၈၀၅.၄၆ သန်း ရာခိုင်နှုန်းအားဖြင့် ၆၅.၃၂% တိုးလာပါသည်။ ငွေရေးကြေးရေးကုမ္ပဏီများ၏ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နှိုင်းယှဉ်၍ ချေးငွေ အခြေအနေအား ပုံ (၉)၊ ရရန်ပိုင်ခွင့်အခြေအနေအား ပုံ(၁၀) နှင့် ဝင်ငွေ၊ သုံးငွေ အခြေအနေအား ပုံ(၁၁)ဖြင့် ဖော်ပြထားပါသည်။




ဇစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်




ဇစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်




ဇစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**ဇယား(၁) (၃၁-၃-၂၀၁၆) ရက်နေ့ထိ နိုင်ငံပိုင်ဘဏ်များ၏ဘဏ်ခွဲစာရင်း**

| စဉ် | ဘဏ်အမည် | ရုံးချုပ်ဘဏ်ခွဲ ရှိရာမြို့ | စတင်တည်ထောင် သည့်နေ့ | (၃၁-၃-၂၀၁၆) ရက်နေ့ထိ ရုံးချုပ်ဘဏ်ခွဲပေါင်း |
|---|---|---|---|---|
| ၁ | မြန်မာ့စီးပွားရေးဘဏ် | နေပြည်တော် | ၂.၄.၁၉၇၆ | ၃၀၆ |
| ၂ | မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | ရန်ကုန် | ၁.၄.၁၉၇၆ | ၁ |
| ၃ | မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ် | ရန်ကုန် | ၁.၉.၁၉၉၀ | ၂ |
| ၄ | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | ရန်ကုန် | ၁.၆.၁၉၅၃ | ၂၀၆ |
| **စုစုပေါင်း** | | | | **၅၁၅** |

ဇယား(၂) (၃၁.၃.၂၀၁၆) ရက်နေ့ထိ ပြည်တွင်းပုဂ္ဂလိကဘဏ်များမှ ဖွင့်လှစ်ထားသောဘဏ်ခွဲစာရင်း

| စဉ် | ဘဏ်အမည် | ရုံးချုပ်ဘဏ်ခွဲရှိရာမြို့ | လုပ်ငန်းဆောင်ရွက်ရန်ခွင့်ပြုထားသည့်နေ့ရက် | (၃၁.၃.၂၀၁၆) ရက်နေ့ထိ ရုံးချုပ်ဘဏ်ခွဲပေါင်း |
|---|---|---|---|---|
| ၁ | မြန်မာနိုင်ငံသားများဘဏ်လီမိတက် | နေပြည်တော် | ၂၅.၅.၁၉၉၂ | ၁၉ |
| ၂ | ပထမပုဂ္ဂလိကဘဏ်လီမိတက် | နေပြည်တော် | ၅.၃.၁၉၉၂ | ၃၁ |
| ၃ | သမဝါယမဘဏ်လီမိတက် | ရန်ကုန် | ၃.၈.၁၉၉၂ | ၁၆၇ |
| ၄ | ရတနာပုံဘဏ်လီမိတက် | မန္တလေး | ၂၇.၈.၁၉၉၂ | ၃ |
| ၅ | မြဝတီဘဏ်လီမိတက် | နေပြည်တော် | ၁.၁.၁၉၉၃ | ၄၇ |
| ၆ | ရန်ကုန်မြို့တော်ဘဏ်လီမိတက် | ရန်ကုန် | ၁၉.၃.၁၉၉၃ | ၄ |
| ၇ | ရိုးမဘဏ်လီမိတက် | ရန်ကုန် | ၂၆.၇.၁၉၉၃ | ၆၂ |
| ၈ | မြန်မာအရှေ့တိုင်းဘဏ်လီမိတက် | ရန်ကုန် | ၂၆.၇.၁၉၉၃ | ၃၇ |
| ၉ | အာရှရန်ကုန်ဘဏ်လီမိတက် | ရန်ကုန် | ၁၇.၃.၁၉၉၄ | ၁၃ |
| ၁၀ | ထွန်းကော်မာရှယ်ဘဏ်လီမိတက် | နေပြည်တော် | ၈.၆.၁၉၉၄ | ၂၃ |
| ၁၁ | ကမ္ဘောဇဘဏ်လီမိတက် | နေပြည်တော် | ၈.၆.၁၉၉၄ | ၃၁၄ |
| ၁၂ | အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် | နေပြည်တော် | ၁၃.၉.၂၀၁၂ | ၁၆ |
| ၁၃ | ကမ္ဘာ့ရတနာဘဏ်လီမိတက် | နေပြည်တော် | ၁၂.၁၁.၂၀၁၃ | ၁၁၈ |
| ၁၄ | ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက် | နေပြည်တော် | ၁၃.၉.၂၀၁၂ | ၂ |
| ၁၅ | အင်းဝဘဏ်လီမိတက် | ရန်ကုန် | ၁၅.၅.၁၉၉၇ | ၃၉ |
| ၁၆ | အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် | နေပြည်တော် | ၂.၇.၂၀၁၀ | ၅၃ |
| ၁၇ | ဧရာဝတီဘဏ်လီမိတက် | နေပြည်တော် | ၂.၇.၂၀၁၀ | ၁၅၁ |
| ၁၈ | ယူနိုက်တက်အမရာဘဏ်လီမိတက် | နေပြည်တော် | ၂.၇.၂၀၁၀ | ၄၈ |
| ၁၉ | မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် | နေပြည်တော် | ၂.၇.၂၀၁၀ | ၇၅ |
| ၂၀ | နေပြည်တော်စည်ပင်ဘဏ်လီမိတက် | နေပြည်တော် | ၂၈.၂.၂၀၁၃ | ၄ |
| ၂၁ | မြန်မာအသေးစားငွေရေးကြေးရေးဘဏ်လီမိတက် | ရန်ကုန် | ၂.၇. ၂၀၁၃ | ၉ |
| ၂၂ | ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်လီမိတက် | ရန်ကုန် | ၁၂.၇.၂၀၁၃ | ၇ |
| ၂၃ | ရွှေ(ကျေးလက်နှင့်မြို့ပြ)ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက် | ရန်ကုန် | ၂၈.၇.၂၀၁၄ | ၁ |
| ၂၄ | ဧရာဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်လီမိတက် | ပုသိမ် | ၁၇.၁၁.၂၀၁၅ | ၁ |
| | စုစုပေါင်း | | | ၁၂၄၄ |

### ဇယား (၃) မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ (၃၁.၃.၂၀၁၆) ရက်နေ့ထိ လိုင်စင်ထုတ်ပေးခဲ့သည့် နိုင်ငံခြားဘဏ်ခွဲများစာရင်း

| စဉ် | နိုင်ငံခြားဘဏ်ခွဲများအမည် | လိုင်စင်ထုတ်ပေးသည့်နေ့ |
|---|---|---|
| ၁ | The Bank of Tokyo Mitsubishi UFJ, Ltd (BTMU) | ၂.၄.၂၀၁၅ |
| ၂ | Sumitomo Mitsui Banking Corporation Ltd (SMBC) | ၂.၄.၂၀၁၅ |
| ၃ | Oversea Chinese Banking Cooperation( OCBC) | ၂.၄.၂၀၁၅ |
| ၄ | United Overseas Bank Ltd (UOB) | ၃၀.၄.၂၀၁၅ |
| ၅ | Bangkok Bank Public Coppany Ltd | ၂၆.၅.၂၀၁၅ |
| ၆ | Industrial and Commercial Bank of China (ICBC) | ၂၆.၅.၂၀၁၅ |
| ၇ | Malayan Banking Berhad (May Bank) | ၂၇.၇.၂၀၁၅ |
| ၈ | Mizuho Bank Ltd | ၂၇.၇.၂၀၁၅ |
| ၉ | Australia and New Zealand Banking Group Ltd (ANZ) | ၂၉.၉.၂၀၁၅ |

ဇယား (၄) မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ (၃၁.၃.၂၀၁၆) ရက်နေ့ထိ လိုင်စင်ထုတ်ပေးခဲ့သည့် ပြည်တွင်းငွေရေးကြေးရေးကုမ္ပဏီများ စာရင်း

| စဉ် | ငွေရေးကြေးရေးကုမ္ပဏီအမည် | လိုင်စင်ထုတ်ပေးသည့်နေ့ |
|---|---|---|
| ၁ | အိုရီရင်တယ်လ်လီစင်ကုမ္ပဏီလီမိတက် | ၈-၁-၁၉၉၆ |
| ၂ | မြတ်နန်းယုံငွေရေးကြေးရေးကုမ္ပဏီလီမိတက် | ၂၅-၁-၂၀၁၃ |
| ၃ | ရှုဂျီငွေရေးကြေးရေးကုမ္ပဏီလီမိတက် | ၂၈-၅-၂၀၁၃ |
| ၄ | မဟာဘောဂငွေရေးကြေးရေးကုမ္ပဏီလီမိတက် | ၂၃-၄-၂၀၁၄ |
| ၅ | ရတနာရောင်စဉ်ကုမ္ပဏီလီမိတက် | ၈-၅-၂၀၁၄ |
| ၆ | ရာစုနှစ်ငွေရေးကြေးရေးကုမ္ပဏီလီမိတက် | ၅-၆-၂၀၁၄ |
| ၇ | Win Progress Services Company Limited | ၁၁-၆-၂၀၁၄ |
| ၈ | ဇီကော်ပိုရေးရှင်းကုမ္ပဏီလီမိတက် | ၂၅-၆-၂၀၁၄ |
| ၉ | ကမ္ဘာ့ဆန်းသစ်တီထွင်ငွေရေးကြေးရေး ကုမ္ပဏီလီမိတက် | ၄-၈-၂၀၁၄ |
| ၁၀ | နိုင်ငံသားဘဏ္ဍာငွေရေးကြေးရေးကုမ္ပဏီလီမိတက် | ၁၁.၆.၂၀၁၅ |
| ၁၁ | Mother Finance Company Limited | ၁၈.၁.၂၀၁၆ |
| ၁၂ | မော်ဂနိုက်ကုမ္ပဏီလီမိတက် | ၁၈.၃.၂၀၁၆ |
| ၁၃ | Best Merchant Finance Company Limited | ၁၈.၃.၂၀၁၆ |

**ဇယား(၅) မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ (၃၁.၃.၂၀၁၆) ရက်နေ့ထိ လိုင်စင်ထုတ်ပေးခဲ့သည့် ဘဏ်မဟုတ်သောနိုင်ငံခြားငွေရေးကြေးရေးကုမ္ပဏီကိုယ်စားလှယ်ရုံးခွဲများစာရင်း**

| စဉ် | ပြည်ပငွေရေးကြေးရေးကုမ္ပဏီအမည် | လိုင်စင်ထုတ်ပေးသည့်နေ့ | လိုင်စင်သစ်ထုတ်ပေးသည့်နေ့ |
|---|---|---|---|
| ၁ | AEON Credit Service Company | ၂၀.၇.၂၀၁၂ | ၁၆.၈.၂၀၁၆ |

**ဇယား(၆) (၃၁.၃.၂၀၁၆) ရက်နေ့ထိ ဖွင့်လှစ်ထားသည့်နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးခွဲစာရင်း**

| စဉ် | ဘဏ်အမည် | လိုင်စင်ထုတ်ပေးသည့်နေ့ | လိုင်စင်သစ်ထုတ်ပေးသည့်နေ့ |
|---|---|---|---|
| ၁ | DBS Bank Ltd. | ၁၂.၉.၂၀၀၃ | ၂၉.၇.၂၀၁၆ |
| ၂ | National Bank Ltd. | ၆.၇.၁၉၉၅ | ၁၆.၈.၂၀၁၆ |
| ၃ | First Overseas Bank Limited | ၃၀.၄.၁၉၉၆ | ---- |
| ၄ | CIMB Bank Berhad | ၁၉.၂.၂၀၀၈ | ၂၉.၇.၂၀၁၆ |
| ၅ | Arab Bangladesh(AB)Bank Limited | ၁၀.၁၂.၂၀၁၀ | ၈.၈.၂၀၁၆ |
| ၆ | Siam Commercial Bank Public Company Ltd | ၂၃.၄.၂၀၁၂ | ၈.၈.၂၀၁၆ |
| ၇ | Krung Thai Bank Public Company Ltd | ၁၄.၆.၂၀၁၂ | ၃၀.၈.၂၀၁၆ |
| ၈ | United Bank of India | ၁၉.၆.၂၀၁၂ | ၂၉.၇.၂၀၁၆ |
| ၉ | Kasikorn Bank Public Company Ltd | ၁၈.၇.၂၀၁၂ | ၁၆.၈.၂၀၁၆ |
| ၁၀ | Woori Bank | ၂၅.၁၀.၂၀၁၂ | ၂၉.၇.၂၀၁၆ |
| ၁၁ | Vietin Bank | ၁၂.၁၂.၂၀၁၂ | ၅.၈.၂၀၁၆ |
| ၁၂ | Korea Development Bank | ၂၇.၁၂.၂၀၁၂ | ၁၁.၈.၂၀၁၆ |
| ၁၃ | Standard Chartered Bank | ၂၇.၁၂.၂၀၁၂ | ၁၂.၈.၂၀၁၆ |
| ၁၄ | Industrial Bank of Korea | ၁၄.၃.၂၀၁၃ | ၂၉.၇.၂၀၁၆ |
| ၁၅ | First Commercial Bank | ၁၈.၃.၂၀၁၃ | ၂၉.၇.၂၀၁၆ |
| ၁၆ | Bank of India(BOI) | ၇.၅.၂၀၁၃ | ၁၂.၈.၂၀၁၆ |
| ၁၇ | Kookmin Bank | ၄.၆.၂၀၁၃ | ၂၉.၇.၂၀၁၆ |
| ၁၈ | Export-Import Bank of India | ၁၄.၆.၂၀၁၃ | ၈.၈.၂၀၁၆ |
| ၁၉ | The Export- Import Bank of Korea | ၁၆.၁၂.၂၀၁၃ | ၁၂.၈.၂၀၁၆ |
| ၂၀ | Eastern Bank Limited | ၂၆.၅.၂၀၁၄ | ၁၂.၈.၂၀၁၆ |
| ၂၁ | Bank of Ayudhya Public Company Ltd | ၂၆.၅.၂၀၁၄ | ၈.၈.၂၀၁၆ |
| ၂၂ | RHB Bank Berhad | ၂၆.၃.၂၀၁၄ | ၁၂.၈.၂၀၁၆ |
| ၂၃ | Commercial Bank of Ceylone PLC | ၁၂.၁၁.၂၀၁၄ | ၈.၈.၂၀၁၆ |
| ၂၄ | Cathay United Bank | ၁၁.၄.၂၀၁၄ | ၂၉.၇.၂၀၁၆ |
| ၂၅ | State Bank of Mauritius | ၁၁.၄.၂၀၁၄ | ၁၆.၈.၂၀၁၆ |
| ၂၆ | BRED Banque Populaire | ၁၁.၆.၂၀၁၄ | ၂၉.၇.၂၀၁၆ |

ဇယား(၆) အဆက် (၃၁.၃.၂၀၁၆) ရက်နေ့ထိ ဖွင့်လှစ်ထားသည့်နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးခွဲစာရင်း

| စဉ် | ဘဏ်အမည် | လိုင်စင်ထုတ်ပေးသည့်နေ့ | လိုင်စင်သစ်ထုတ်ပေးသည့်နေ့ |
|---|---|---|---|
| ၂၇ | Busan Bank Co.,Ltd | ၂၃.၆.၂၀၁၅ | ၂၉.၇.၂၀၁၆ |
| ၂၈ | PT. Bank Negara Indonesia (Persero)Tbk | ၂၃.၆.၂၀၁၅ | ၁၂.၈.၂၀၁၆ |
| ၂၉ | Bank of Taiwan | ၂၃.၆.၂၀၁၅ | ၂၉.၇.၂၀၁၆ |
| ၃၀ | Taishin International Bank Co.,Ltd | ၂၃.၆.၂၀၁၅ | ၂၉.၇.၂၀၁၆ |
| ၃၁ | Taiwan Shin Kong Commercial Bank Co.,Ltd | ၂၃.၆.၂၀၁၅ | ၂၉.၇.၂၀၁၆ |
| ၃၂ | CTBC Bank Co.,Ltd | ၂၃.၆.၂၀၁၅ | ၁၂.၈.၂၀၁၆ |
| ၃၃ | Yuanta Commercial Bank Co.,Ltd | ၂၃.၆.၂၀၁၅ | ၁၂.၈.၂၀၁၆ |
| ၃၄ | Taiwan Cooperative Bank Ltd | ၂၃.၆.၂၀၁၅ | ၂၉.၇.၂၀၁၆ |
| ၃၅ | Taiwan Business Bank Ltd | ၂၃.၆.၂၀၁၅ | ၂၉.၇.၂၀၁၆ |
| ၃၆ | Mega International Commercial Bank Co.,Ltd | ၂၃.၆.၂၀၁၅ | ၅.၈.၂၀၁၆ |
| ၃၇ | Ho Chiminh City Development Joint Stock Commercial Bank | ၂၃.၆.၂၀၁၅ | ၁၆.၈.၂၀၁၆ |
| ၃၈ | Qatar National Bank | ၂၆.၇.၂၀၁၅ | ၃၁.၈.၂၀၁၆ |
| ၃၉ | Sampath Bank PLC | ၂၆.၇.၂၀၁၅ | ၅.၈.၂၀၁၆ |
| ၄၀ | Bank of China | ၁၂.၈.၂၀၁၅ | ၂၉.၇.၂၀၁၆ |
| ၄၁ | KEB Hana Bank | ၁၈.၁၂.၂၀၁၅ | ၂၉.၇.၂၀၁၆ |
| ၄၂ | ACLEDA Bank Plc. | ----- | ၇.၄.၂၀၁၆ |
| ၄၃ | SATHAPANA Bank PLC.(Maruhan Japan PLC.) | ၇.၅.၂၀၁၂ | ၁၁.၈.၂၀၁၆ |

| | 2014-2015 | | | 2015-2016 | | | |
|---|---|---|---|---|---|---|---|
| | Private | State Owned | Total | Private | State Owned | Foreign Bank | Total |
| **Liquid Assets exclude bonds** | 3,472,919.57 | 7,910,235.64 | 11,383,155.21 | 4,040,412.01 | 9,286,701.11 | 1,689,369.88 | 15,016,483.00 |
| Liquid ASSETS | 5,524,070.99 | 9,382,066.83 | 14,906,137.82 | 5,998,948.10 | 9,286,706.71 | 1,689,369.88 | 16,975,024.69 |
| 1. Cash | **3,414,766.49** | **7,910,235.64** | **11,325,002.13** | **3,987,190.44** | **9,286,701.11** | **1,689,369.88** | 14,963,261.43 |
| ( 1 ) Cash in hand | 1,484,648.94 | 119,307.64 | 1,603,956.58 | 1,415,246.22 | 178,947.75 | | 1,594,193.97 |
| ( 2 ) Foreign Currency (FC) | 53,476.14 | 1,391,329.29 | 1,444,805.43 | 236,329.12 | 322,601.87 | 11,928.13 | 570,859.12 |
| ( 3 ) Balance with CBM | 392,278.09 | 945,612.12 | 1,337,890.21 | 487,087.67 | 1,298,500.41 | 0.00 | 1,785,588.08 |
| ( 4 ) Balance with CBM (FC) | 29,061.43 | | 29,061.43 | 98,973.99 | | 454,838.60 | 553,812.59 |
| ( 5 ) Bal: with banks (Doms) | 464,209.77 | 1,058,318.47 | 1,522,528.24 | 620,662.00 | 1,624,678.61 | 0.00 | 2,245,340.61 |
| ( 6 ) Bal: with banks (FC) | 431,352.83 | 2,749,491.48 | 3,180,844.31 | 501,680.81 | 753,844.86 | 1,222,603.15 | 2,478,128.82 |
| ( 7 ) Bal: with foreign banks (FC) | 15,000.00 | | 15,000.00 | 627,210.63 | | | 627,210.63 |
| ( 8 ) Bal: with foreign corrensponding banks (FC) | 544,739.29 | 1,646,176.64 | 2,190,915.93 | 0.00 | 5,108,127.61 | | 5,108,127.61 |
| 2. Equity investement (Domestic) | 2,619.60 | 16,330.10 | 18,949.70 | 27,296.77 | 1,375,530.62 | 147,213.43 | 1,550,040.82 |
| 3. Loans and advances | 9,037,331.10 | 2,298,247.58 | 11,335,578.68 | 12,382,760.46 | 2,691,182.96 | 78,217.81 | 15,152,161.23 |
| 4. Government Securities | 2,051,151.42 | 1,471,818.63 | 3,522,970.05 | 1,958,536.09 | - | | 1,958,536.09 |
| 5. T bill Auction Account | | | | 60,397.37 | | | 60,397.37 |
| 6. Other Public securities | 2,881.76 | | 2,881.76 | 7,361.81 | | | 7,361.81 |
| 7. Bills purchased | 58,153.08 | 12.56 | 58,165.64 | 53,221.57 | 5.60 | | 53,227.17 |
| 8. Fixed assets | 537,994.99 | 17,169.89 | 555,164.88 | 775,086.34 | 18,447.79 | 17,718.16 | 811,252.29 |
| 9. Other assets | 373,286.00 | 5,242,016.58 | 5,615,302.58 | 898,638.75 | 3,244,730.93 | 7,924.12 | 4,151,293.80 |
| 10. Acceptances, Endorsements and Guarantee | 180,001.13 | 997,188.59 | 1,177,189.72 | 244,585.61 | 736,446.06 | | 981,031.67 |
| 11. Non Banking Assets | | | | | 808.63 | | 808.63 |
| 12.Other Account | 0.00 | | - | | 18.98 | | 18.98 |
| **Total Assets** | **15,658,185.57** | **17,953,019.57** | **33,611,205.14** | **20,395,075.21** | **17,353,872.68** | **1,940,443.40** | 39,689,391.29 |
| **Equity** | **996,176.61** | **78,794.69** | **1,074,971.30** | **1,323,107.12** | **89,075.20** | **1,016,856.92** | 2,429,039.24 |
| **Total Deposit** | 13,349,106.30 | 7,484,674.74 | **20,833,781.04** | 17,508,950.35 | 9,502,513.62 | 651,592.59 | **27,663,056.56** |
| **Total Capital** | **733,939.74** | **62,500.00** | **796,439.74** | **952,748.65** | **69,500.00** | **1,048,257.05** | 2,070,505.70 |
| 1. Paid up Capital(Ks) | 692,125.24 | 62,500.00 | 754,625.24 | 910,934.15 | 69,500.00 | | 980,434.15 |
| Paid up Capital (FE) | 41,814.50 | | 41,814.50 | 41,814.50 | - | 1,048,257.05 | 1,090,071.55 |
| 2. Reserves | 213,645.22 | 16,139.00 | 229,784.22 | 307,281.09 | 19,393.25 | 976.95 | 327,651.29 |
| ( 1 ) Other Reserves | 102,878.09 | 55,207.74 | 158,085.83 | 102,093.09 | 70,230.08 | 10,575.00 | 182,898.17 |
| (2) Revaluation Reserves | | 963,514.73 | 963,514.73 | | 216,348.78 | | 216,348.78 |
| 3. Balance of Profit and Loss A/C | 23,832.81 | 155.69 | 23,988.50 | 13,141.79 | 181.95 | (32,377.08) | (19,053.34) |
| 4.Share premium | 24,758.84 | | 24,758.84 | 49,935.59 | - | | 49,935.59 |
| **5. Deposit of Customers other than Banks** | **13,131,752.42** | **7,484,674.74** | **20,616,427.16** | **17,219,308.34** | **9,502,513.62** | **512,279.37** | 27,234,101.33 |
| ( 1 ) Demand Deposits | 2,496,992.00 | 4,497,914.42 | 6,994,906.42 | 2,135,230.55 | 8,941,121.39 | 409,417.79 | 11,485,769.73 |
| ( 2 ) Time Deposits | 10,634,760.42 | 2,954,536.23 | 13,589,296.65 | 15,084,077.79 | 74,572.54 | 102,861.58 | 15,261,511.91 |
| ( 3 ) Other Deposit | | 32,224.09 | 32,224.09 | | 486,819.69 | | 486,819.69 |
| 6. MPU Settlement | 0.00 | 13,736.06 | 13,736.06 | | 11,334.14 | | 11,334.14 |
| 7. Due to Domestic Banks | 217,353.88 | | 217,353.88 | 289,642.01 | - | 139,313.22 | 428,955.23 |
| 8a. Borrowing from MEB | 92,500.00 | 552,394.46 | 644,894.46 | 97,500.00 | - | | 97,500.00 |
| 8b. Borrowing from CBM | 233,490.00 | | 233,490.00 | 136,060.00 | - | | 136,060.00 |
| 8c. Borrowing from MBL | 0.00 | | - | | - | | - |
| 8d. Borrowing from IFC | 4,855.00 | | 4,855.00 | | - | | - |
| 8e. Borrowing from Cathay | 82,000.00 | | 82,000.00 | | - | | - |
| 8f. Borrowing from Yoma | 2,500.00 | | 2,500.00 | 103,823.01 | | | 103,823.01 |
| 8g. Borrowing from other bank | 250,270.00 | 232,314.53 | 482,584.53 | 251,768.72 | 855,768.43 | | 1,107,537.15 |
| 8h. Borrowing from foreign institutions | | | | | | 178,626.27 | 178,626.27 |
| 9. Visa Prepaid Card Payable | 2,292.17 | | 2,292.17 | 3,054.42 | | | 3,054.42 |
| 10. Bills payable (Domestic) | 60,417.63 | 1,152,577.73 | 1,212,995.36 | 45,865.98 | 996,023.40 | 6.32 | 1,041,895.70 |
| 11. Other Liabilities | 278,700.05 | 6,301,686.31 | 6,580,386.36 | 578,266.92 | 4,787,990.08 | 50,939.86 | 5,417,196.86 |
| 12. Acceptances,Endorsements and | 202,999.72 | 997,188.59 | 1,200,188.31 | 244,585.60 | 736,446.07 | | 981,031.67 |
| 13.State/ Regional Government Fund Account | | 114,685.50 | 114,685.50 | | 88,142.88 | | 88,142.88 |
| 14.Other Account | | 6,244.49 | 6,244.49 | | | 31,846.44 | 31,846.44 |
| **Total Liabilities** | **15,658,185.57** | **17,953,019.57** | **33,611,205.14** | **20,395,075.21** | **17,353,872.68** | **1,940,443.40** | 39,689,391.29 |
| **Total Assets - AEG** | **15,478,184.44** | **16,955,830.98** | **32,434,015.42** | **20,150,489.60** | **16,617,426.62** | **1,940,443.40** | 38,708,359.62 |

| | | | | | | | |
|---|---|---|---|---|---|---|---|
| **Income** | 1,333,820.26 | 373,241.71 | **1,707,061.97** | **1,733,404.01** | **185,989.62** | **7,216.93** | **1,926,610.56** |
| **Expenditure** | 1,108,520.67 | 313,094.11 | **1,421,614.78** | **1,501,811.90** | **155,165.30** | **37,553.44** | **1,694,530.64** |
| **FX Revaluation Gain** | | | | | | **(1,179.87)** | **(1,179.87)** |
| **Tax** | | | | | | **(28.91)** | **(28.91)** |
| **Net Income** | 225,299.59 | 60,147.60 | **285,447.19** | **231,592.11** | **30,824.32** | **(31,545.29)** | **230,871.14** |
| **Loan to Deposit Ratio** | **67.70%** | **30.71%** | **54.41%** | **70.72%** | **28.32%** | **12.00%** | **54.77%** |
| **Cash to Total Assets** | **22.06%** | **46.65%** | **34.92%** | **19.79%** | **55.89%** | **87.06%** | **38.66%** |
| **Deposit to Total Assets** | 86.24% | 44.14% | 64.23% | 86.89% | 57.18% | 33.58% | 71.47% |
| **Fixed Assets to Total Assets** | **3.48%** | **0.10%** | **1.71%** | **3.85%** | **0.11%** | **0.91%** | **2.10%** |
| **Loan to Total Assets** | 58.39% | 13.55% | 34.95% | 61.45% | 16.19% | 4.03% | 39.14% |
| **ROE** | 22.62% | 76.33% | 26.55% | 17.50% | 34.60% | -3.10% | 9.50% |
| **ROA** | 1.46% | 0.35% | 0.88% | 1.15% | 0.19% | -1.63% | 0.60% |
| **CAR** | 21.39% | 17.16% | 19.05% | 19.08% | 8.18% | 125.17% | 21.77% |
| **Liquidity** | 27.77% | 90.73% | 53.06% | 20.42% | 75.78% | 226.85% | **59.60%** |
| **Liquidity(Exclude Gov Bond)** | 11.81% | 73.71% | 36.68% | 13.54% | 75.78% | 226.85% | **56.91%** |
| | 27.2516038 | 101.1497772 | 55.35415689 | 23.81522979 | 101.4280574 | 259.2653017 | 56.08771473 |